# ပေတရုနှင့် ယောဟန်

YR C
NO. 17



အလွတ်ကျမ်းချက်။ ။ ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၁း၂၂၊ ၂၃

"သင်တို့သည်… အသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ဖြစ်ဘွားသောကြောင့်၊ ညီအစ်ကိုများကိုချစ်ယောင်မဆောင်၊ အမှန်ချစ်ခြင်းအလိုငှါ စိတ်ထဲမှသမ္မာတရားကို နားထောင်လျက်၊ ကိုယ်စိတ်နှလုံးကို စင်ကြယ်စေပြီးသည်နှင့် အညီ၊ စင်ကြယ်သော စိတ်နှင့်အချင်းချင်း အားကြီးသောချစ်ခြင်းမေတ္တာရှိကြလော့။"



## တနင်္ဂနွေနေ့ | ပေတရု၏သာသနာပြုခြင်း ၁

ရှေးအပတ်များတုန်းက၊ ကျွန်ုပ်တို့သည်ရှင်ပေါလု၏အသက်တာအကြောင်းဖြစ်သည့် သူ၏သာသနာခရီးစဉ်များအကြောင်း၊ သူ၏အကျဉ်းထောင်ကျခြင်းနှင့် တရားစီရင်ခံရခြင်းအကြောင်းများအပြင် သူရေးသားခဲ့သောစာစောင်များအကြောင်းကို လေ့လာခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ထိုအကြောင်းအရာများကို မမေ့လျော့သင့်ပေ။ ထို့အပြင် တမန်တော်ရှင်ပေတရုသည်လည်း ပေါလုကဲ့သို့ သူ၏ အသက်တာတလျှောက်လုံးတွင် သခင်ယေရှုအကြောင်းနှင့်ပတ်သတ်သော ဧဝံဂေလိသတင်းစကားကို မနားမနေဟောပြောနေခဲ့သည့် အကြောင်းကိုလည်း မမေ့လျော့သင့်ပါ။

ပေါလု၏သာသနာသည် အဓိကအားဖြင့် တပါးအမျိုးသားများထံဖြစ်နေချိန်၊ ပေတရုသည် ယုဒလူမျိုးများအတွက် အထူးတလည်ဆောင်ရွက်ခဲ့၏။ သို့သော် သူသည် ယုံကြည်သူဖြစ်ပြီးသား သူများအားခွန်အားပေးရန်နှင့် အားပေးတိုက်တွန်းရာတွင်လည်း အထူးလုပ်ဆောင်ပေးခဲ့၏။ ယေရှုက ပေတရုကို "ငါ၏သိုးသငယ်တို့ကိုကျွေးမွေးလော့" ဟုမိန့်တော်မူချက်နှင့် "ငါ့သိုးတို့ကို ကျွေးမွေးလော့" ဟု မိန့်မှာထားခဲ့သောစကားကို သတိရလိုက်ပါ။ ရှင်ယောဟန်ခရစ်ဝင် ၂၁း၁၅-၁၇။

အထူးသဖြင့်၊ ပေတရုသည် ဤလုပ်ငန်းအတွက် အရည်အချင်းကောင်းကောင်းပြည့်ဝသူဖြစ်သည်။ သူသည် ယေရှုကို သုံးကြိမ်တိုင်တိုင်ငြင်းပယ်ခြင်းအားဖြင့် အပြစ်ကြီးမားစွာလွန်ကျူးခဲ့၏။ ရှင်ယောဟန်ခရစ်ဝင် ၁၈း၁၇၊ ၂၅-၂၇။ သို့သော် သူသည် ပြောင်းလဲခြင်းသို့ရောက်၍၊ ယေရှုခရစ်တော်သည်လည်း သူ့အားခွင့်လွှတ်ပေးခဲ့၏။ မိမိ၏ကိုယ်ပိုင် အားနည်းချက်ကိုသိခြင်းကြောင့် ပေတရုသည် အဘယ်သို့ သည်းခံရမည်၊ အမှုတော်လုပ်ငန်းကို ဆောင်ရွက်သည်နှင့်အမျှ၊ စုံစမ်းခြင်းသို့ရောက်သွားသောသူများအပေါ် အဘယ်သို့ စာနာထောက်ထားရမည်ကို ကောင်းစွာသိ၏။

ပေတရုသည် သူ၏သာသနာလုပ်ငန်းကို ဣသရေလတိုင်းပြည်အတွက်သာဖြစ်သည်ဟု ကန့်သတ်မထားပါ။ သူသည်လည်း အမျိုးမျိုးသောနေရာသို့ ခရီးသွားခဲ့ပြီး၊ သူသွားခဲ့သောနေရာများတွင် ယုံကြည်သူများကို ခွန်အားပေးနိုးဆော်ခဲ့လေ၏။ ကျွန်ုပ်တို့သည် ထိုခရီးစဉ်များအကြောင်းနှင့်ပတ်သတ်၍ အသေးစိတ်မသိရှိသော်လည်း ပေတရုသည် နောက်ဆုံးတွင် ရောမမြို့သို့ရောက်ရှိခဲ့ကြောင်း ကျွန်ုပ်တို့သိခဲ့ရသည်။ သူသည် ရောမမြို့၌ ပေါလု၏နောက်ဆုံးအဖမ်းခံရသည်နည်းတူ တချိန်တည်းတွင်၊ နီရိုးဘုရင်သည် သူ့အားအကျဉ်းချခဲ့၏။ ထိုအချိန်သည် ဖြစ်နိုင်ခြေအားဖြင့် အေဒီ ၆၇ ခန့်တွင် ဖြစ်သည်။

ကျန်ခဲ့သောနှစ်ပေါင်းများစွာတုန်းက၊ ပေတရုသည် ယေရှုကိုပင် သိကြောင်းဝန်ခံရန်ရှက်ခဲ့၏။ ယခုတွင် သူသည် သခင်ယေရှု အတွက် အသေခံခြင်းသည် ဂုဏ်ယူစရာဟု ထင်မှတ်ခဲ့၏။ သူသည် အကျဉ်းထောင်ခန်းထဲ၌ လဲလျောင်း၍နေစဉ်၊ သူအဘယ်သို့ သေရမည်ဖြစ်ကြောင်းကို ယေရှုအတိအကျကြိုတင်ဟောထားခဲ့သည်ကို သတိရခဲ့လေ၏။ ရှင်ယောဟန်ခရစ်ဝင် ၂၁း၁၈။ ထို့နောက် သူသည် သခင်ယေရှုသေဆုံးခဲ့သည်နည်းတူ သေခြင်းသည် အလွန်ပင် ဂုဏ်ယူစရာသေခြင်းဖြစ်သည်ဟု ထင်မြင်ခဲ့သည်။ ထို့ကြောင့် သူသည် သေမိန့်ပေးခြင်းခံရသောအခါတွင်၊ သူ့ကို ဇောက်ထိုးထား၍ သတ်ရန် တောင်းဆိုခဲ့သည်။ ထိုနည်းဖြင့် သူသေဆုံးခဲ့၏။



**လက်တွေ့ကျင့်သုံးရန် -** တစ်စုံတစ်ယောက်က အပြစ်လွန်ကျူးမိသည်ကို သင်တွေ့မြင်သောအခါ၊ သင်သည် သည်းခံသောသူ၊ ထိုသူ့အပေါ်ကြင်နာ၊ စာနာထောက်ထားနိုင်သောသူဖြစ်နေပါသလား။ ထိုအရာသည် ယေရှုပြခဲ့သောနည်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ပေတရုပြုခဲ့သည်နည်းတူ၊ လူများအား ထိုနည်းအားဖြင့် တွေးမြင်ဆက်ဆံရန် သင်ယူသင့်ပါသည်။ ဖေက်ဩဝါဒစာ ၄း၃၂။

## တနင်္လာနေ့ | ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၂

သူ၏သာသနာခရီးစဉ်ကြောင်းတွင်၊ ပေတရုသည် ယေရှုခရစ်တော်၌ယုံကြည်သူများထံသို့ စာစောင် (၂) စောင်ရေးသားခဲ့၏။ ထိုစာစောင်များသည် ယနေ့ကျွန်ုပ်တို့၏ကျမ်းစာ၌ရှိသော ရှင်ပေတရုဩဝါဒစာ ပဌမစောင်နှင့် မနက်ဖြန်လေ့လာမည့် ရှင်ပေတရုဩဝါဒစာ ဒုတိယစောင်တို့ဖြစ်သည်။

ပေတရုရေးထားသော အလွန်အရေးကြီးသည့်သွန်သင်ချက်တစ်ခုမှာ "သင်တို့စိတ်နှလုံးကို ခါးပန်းစည်း၍ သမ္မာသတိရှိ" ရန် ဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် မိမိတို့၏ စိတ်နှလုံးကို အကောင်းဆုံးနှင့်အရေးကြီးဆုံးသော အကြောင်းကိစ္စရပ်များအတွက်ကိုသာ အာရုံစိုက်ရမည်ဟု ဆိုလိုသည်။ စာတန်သည် ကျွန်ုပ်တို့အတွက် မစင်ကြယ်သောအရာများ သို့မဟုတ် အရေးမကြီးသော အကြောင်းအရာများကို ကျွန်ုပ်တို့ စဉ်းစားတွေးခေါ်ရန်

ထို့အပြင် လောကအတွက် အကောင်းဆုံးသော ပုံသက်သေမှာ စစ်မှန်သောခရစ်ယာန်များ ယုံကြည်သူအချင်းချင်း တွေ့သောအခါ၊ သူတို့သည် တစ်ဦးအပေါ်တစ်ဦး အမှန်တကယ်ချစ်ခြင်းမေတ္တာရှိကြောင်း တွေ့သောအချိန်အခါမှသာ အကောင်းဆုံးသော ပုံသက်သေဖြစ်မည်ဖြစ်သည်။ အငယ် ၂၅။

ထို့ကြောင့် ယောဟန်သည် ကျွန်ုပ်တို့ ခေါ်ဝေါ်တွေ့မြင်ဖတ်ရှုရသော ရှင်ယောဟန်ဩဝါဒစာ ပဌမစောင်ကို ရေးသားခဲ့သည်။ ဤစာစောင်ထဲတွင် သူသည် သူ၏စာဖတ်သူများကို ကြင်နာခြင်း၊ ဘုရားသခင်သည် ကျွန်ုပ်တို့အား ချစ်သည်နည်းတူ မိမိကိုယ်ကိုငြင်းပယ်ရန် သတိပေးထား၏။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အလွန်ချစ်သည်နည်းတူ၊ ကျွန်ုပ်တို့သည်လည်း တစ်ဦးအပေါ်တစ်ဦး ချစ်သင့်ကြောင်း ယောဟန်က ပြောဆို၏။ ရှင်ယောဟန်ဩဝါဒစာ ပဌမစောင် ၄း၇-၁၁။ အကယ်၍ ကျွန်ုပ်တို့သည် အချင်းချင်း ချစ်ခြင်းမေတ္တာ မရှိပါက၊ ကျွန်ုပ်တို့သည် ဘုရားသခင်ကို အမှန်တကယ်ချစ်ရာမရောက်ပေ။ အငယ် ၂၀၊ ၂၁။



ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာသည် အပြောသက်သက်မဖြစ်ရမည်အကြောင်းလည်း ယောဟန်က ပြောဆိုထားသည်။ ဘုရားသခင်သည် သူ၏လုပ်ဆောင်ခြင်းအားဖြင့် သူ၏ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့အား ပြသခဲ့၏။ ကျွန်ုပ်တို့သည်လည်း လက်တွေ့လုပ်ဆောင်သောအရာများအားဖြင့် ဘုရားသခင်အတွက် ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာကို ပြသရမည်။ ဘုရားသခင်သည် ဘာလုပ်ခဲ့သနည်း။ ကျွန်ုပ်တို့သည်လည်း ဘာလုပ်ဆောင်သင့်သနည်း။ ရှင်ယောဟန်ဩဝါဒစာ ပဌမစောင် ၃း၁၆-၁၈။

**လက်တွေ့ကျင့်သုံးရန် -** ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် အချင်းချင်းတစ်ယောက်ကိုတစ်ယောက် အမှန်တကယ်ချစ်ခြင်းမေတ္တာရှိအောင် အဘယ်သို့ သင်ယူနိုင်မည်နည်း။ မနေ့က သင်ခန်းစာ၌ ကျွန်ုပ်တို့လေ့လာခဲ့သောအကြောင်းကို ပြန်သတိရပါ။ ယောဟန်သည် သခင်ယေရှုနှင့်အတူရှိရန် အချိန်ကို ပို၍ပို၍ပေးခဲ့ပြီး၊ သခင်ယေရှု၏စကားတော်များကို နားထောင်လာသည်နှင့်အမျှ၊ သူသည် လုံးဝ ပြောင်းလဲခြင်းသို့ရောက်ပြီး၊ သခင်ယေရှုကဲ့သို့သော အသက်တာဖြစ်လာခဲ့လေ၏။ ရှင်ယောဟန်ဩဝါဒစာ ပဌမစောင် ၄း၁၉။

ကျွန်ုပ်တို့သည်လည်း ထိုနည်းတူ လုပ်ဆောင်နိုင်ပါသည်။ သမ္မာကျမ်းစာ၏အဖြစ်ပျက်ပုံပြင်များ၌ရှိသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာရောင်ပြန်ဟပ်မှုကို ကျွန်ုပ်တို့မျက်မှောက်ပြုပါက၊ ၎င်းသည် မှန်အားဖြင့် နေရောင်ခြည်ရောင်ပြန်ဟပ်သကဲ့သို့ ကျွန်ုပ်တို့အပေါ်သို့ ရောင်ပြန်ဟပ်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုအလင်းတောက်ပခြင်းနှင့် ၎င်းအားဖြင့် လုံးဝပြောင်းလဲနိုင်မည်ဖြစ်ကြောင်းကို စဉ်းစားပြီး ရောင်ပြန်ဟပ်ရန် စတင်နိုင်ပါသည်။ ကျွန်ုပ်တို့သည် ၎င်းကို ရွေးချယ်ပါက၊ လုံးဝပြောင်းလဲခြင်းသို့ ရောက်ပေလိမ့်မည်။ ရှင်ယောဟန်ဩဝါဒစာ ပဌမစောင် ၃း၁၊ ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၃း၁၈။

## သောကြာနေ့ | ရှင်ယောဟန်ဩဝါဒစာ ဒုတိယစောင် နှင့် တတိယစောင် ၆

မနေ့က သင်ခန်းစာတွင်၊ ယောဟန်သည် ယုံကြည်သူများကြားတွင် အံ့ဩဖွယ်ကောင်းသောချစ်ခြင်းမေတ္တာမရှိကြောင်း အဘယ်သို့ သတိပြုခဲ့ကြောင်းနှင့် ၎င်းတို့ အချင်းချင်းချစ်ခြင်းမေတ္တာထားကြရန်အတွက် မည်သို့တိုက်တွန်းခဲ့သည်ကို ကျွန်ုပ်တို့ တွေ့ခဲ့ရပါသည်။ သို့သော် သူ၏ဒုတိယစာစောင်၌ သူဖြေရှင်းခဲ့ရသောနောက်ထပ်အမှားတစ်ခုရှိခဲ့သည်။

ခရစ်ယာန်များဟုဆိုကြသော အချို့တို့သည်ယေရှုခရစ်တော်၏ချစ်ခြင်းမေတ္တာက သူတို့သည် ပညတ်တော်များကို ဆက်လက်မစောင့်ထိန်း၊ မကျင့်သုံးရန် ဆိုလိုသည်ဟု ဆိုကြ၏။ သူတို့အားလုံးလုပ်ဆောင်ဖို့ရန် လိုအပ်သောအရာမှာ တစ်ယောက်ကို တစ်ယောက်အချင်းချင်း ချစ်ခြင်းမေတ္တာထားကြရန်သာဖြစ်သည်ဟု လူအများစုက ပြောဆိုခဲ့ကြ၏။ ယနေ့ လူအတော်များများသည်လည်း ထိုနည်းတူ ပြောဆိုနေကြသည်။ ထိုအကြောင်းကို ယောဟန်က မည်သို့ပြောထားခဲ့သနည်း။ ရှင်ယောဟန်ဩဝါဒစာ ဒုတိယစောင် ၅၊ ၆။

ယောဟန်က ဘုရားသခင်၏ပညတ်တော်များကိုစောင့်ထိန်းခြင်းသည် ဘုရားသခင်ကို အမှန်တကယ်ချစ်ရာရောက်ကြောင်းနှင့် ကျွန်ုပ်တို့သည် သူ၏သားသမီးများဖြစ်ကြောင်း သိနိုင်သောနည်းလမ်းဖြစ်သည်ဟု ပြောဆိုထား၏။ ရှင်ယောဟန်ဩဝါဒစာ ပဌမစောင် ၅း၂၊ ၃။ သခင်ယေရှုကိုယ်တိုင်ကလည်း တပည့်တော်တို့အား ထိုနည်းတူ မိန့်တော်မူခဲ့၏။ ရှင်ယောဟန်ခရစ်ဝင် ၁၄း၁၅။



အခြားသောပြဿနာများလည်း ရှိသေး၏။ များစွာအန္တရာယ်ရှိသောလှည့်စားသူများ မှားယွင်းစွာသွန်သင်နေသည့်အကြောင်းကို ယောဟန်က ၎င်းကို ရှင်းလင်းစွာဖော်ပြထား၏။ ရှင်ယောဟန်ဩဝါဒစာ ဒုတိယစောင် ၇။

အသင်းတော်၌အချို့တို့က အပြစ်ပြုသူများကို အပြစ်တင်ခြင်းမှာ ၎င်းသည် သူတို့အားချစ်ရာမရောက်ကြောင်း ယူဆခဲ့ကြ၏။ လှည့်ဖျားသောသူတို့ကို ယုံကြည်သည့်အန္တရာယ်ဇုန်ထဲ၌ရှိသော အခြားသောသူတို့သည် ယေရှုခရစ်တော်သည် ကျွန်ုပ်တို့ကဲ့သို့ လူသားမဟုတ်ခဲ့ကြောင်းကို သွန်သင်ခဲ့ကြ၏။

စာတန်သည် ရှုပ်ထွေးခြင်းနှင့် သဘောထားကွဲလွဲ ငြင်းခုန်ခြင်းကို ယူဆောင်လာဖို့ရန် ကြိုးပမ်းနေ၏။ ယောဟန်သည် ထို အမှားများအကြောင်းနှင့်ပတ်သတ်၍ ငြင်းခုန်မှုမပြုလုပ်ခဲ့ပေမယ့်၊ သူသည် အသင်းတော်အား ယေရှုခရစ်တော်သည် သူတို့ကို မည်သည့်အရာများသင်ကြားပေးခဲ့ကြောင်းကို သတိရရန် တောင်းဆိုခဲ့လေ၏။ ယောဟန်က မှားယွင်းချက်များနှင့်မသွားဖို့၊ လှည့်စားခြင်းမခံရဖို့ရန်အတွက် အရာရာကို ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် စစ်ဆေးရန် သူတို့အားပြောဆိုခဲ့၏။ သို့သော် ယေရှုခရစ်တော်ပြုလုပ်ခဲ့သည်နည်းတူ ချစ်ခြင်းမေတ္တာနှင့်စေတနာပါပါ၊ ယဉ်ကျေးစွာဖြင့် အမှားထောက်ပြရန် ပြောဆိုခဲ့၏။ အငယ် ၈-၁၁။

ယောဟန်ရေးခဲ့သော တတိယစာစောင်သည် "ချစ်ရသော ဂါယုထံသို့" ရေးခြင်းဖြစ်၏။ ယောဟန်သည် သူ၏ဧည့်ဝတ်ကျေခြင်းကို ကောင်းစွာသိ၏။ ထိုအရာအတွက် ယောဟန်သည် ဝမ်းသာပျော်ရွှင်ခဲ့၏။ ထို့နောက်၊ သူသည် ဒယောတရပ် အကြောင်းနှင့် ဒေမေတရိ အကြောင်းတို့ကိုလည်း ရေးသားခဲ့၏။ ပထမဆုံးပုဂ္ဂိုလ်မှာ အသင်းတော်၌ပြဿနာများစွာဖြစ်ပေါ်စေသောသူဖြစ်ပြီး၊ အခြားနှစ်ယောက်မှာ ယေရှုခရစ်တော်အတွက် သစ္စာရှိသောအမှုဆောင်တစ်ယောက်ဖြစ်၏။ ယောဟန်သည် ဂါယုအား အမှန်ကို ရွေးချယ်ရန် အားပေးခဲ့သည်။ "မကောင်းသောနည်းကို မလိုက်နှင့်၊ ကောင်းသောနည်းကို လိုက်လော့" ရှင်ယောဟန်ဩဝါဒစာ တတိယစောင် ၁း၁၁။ ယောဟန်သည် အဘယ်အရာက သူ့ကို အပျော်ရွှင်ဆုံးဖြစ်ကြောင်း ဘာပြောခဲ့သနည်း။ ရှင်ယောဟန်ဩဝါဒစာ တတိယစောင် ၁း၄။

**လက်တွေ့ကျင့်သုံးရန် -** ဘယ်တစ်ခုနောက်သို့လိုက်ရန် သင်ရွေးချယ်နေပါသလဲ၊ မကောင်းသောနည်းသို့လား သို့မဟုတ် ကောင်းသောနည်းသို့လား။ ရွေးစရာနှစ်ခုတည်းသာ ရှိပါသည်။ "ကောင်းသောနည်းကိုလိုက်သောသူသည် ဘုရားသခင်၏လူဖြစ်ပြီး၊ မကောင်းသောနည်းသို့လိုက်သောသူသည် ဘုရားသခင်ကို မမြင်ရပေ။" ယခု သင်သည် ဘုရားသခင်ကို ကြည့်ရှုရန်ရွေးချယ်နေပါသလား။ သူ့ကို အတုယူရန် ကြိုးစားနေပါသလား။

© ၂၀၂၂ - My Bible First www.mybiblefirst.org sales@mybiblefirst.org

တိုက်တွန်းအကြံပြုဖို့ အမြဲအသင့်ရှိနေပြီး၊ ထိုမစင်ကြယ်သော သို့မဟုတ် အရေးမကြီးသောအရာများကိုသာ တွေ့မြင်ရန်၊ ဖတ်ရှုရန်၊ ကြားနာရန် ကျွန်ုပ်တို့အား စုံစမ်းသွေးဆောင်ခြင်းအားဖြင့် သူသည် ဤအရာကို မကြာခဏ ပြုလုပ်လေ့ရှိသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို အကာအကွယ်ပြုပြီး သူ့ကို အမြဲတမ်းသတိထားရမည်၊ သို့မဟုတ်ပါက၊ ထိုမကောင်းသောအကြံအစည်အတွေးအခေါ်များသည် နောက်ဆုံး၌ မကောင်းသော လုပ်ဆောင်ချက်များ ဖြစ်ပေါ်လာလိမ့်မည်။ ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၁း၁၃-၁၆။

ထို့အပြင်၊ ယုံကြည်သူများ အဘယ်သို့ဝတ်စားဆင်ယင်သင့်ကြောင်း ပေတရုသွန်သင်ညွှန်ကြားခဲ့၏။ အပြင်ပန်းအလှဆင်ခြင်းနှင့်ပတ်သက်၍ သူဘာပြောခဲ့သနည်း။ ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၃း ၃။ မှန်ပါသည်၊ ကျွန်ုပ်တို့ဝတ်စားဆင်ယင်ခြင်းသည် လှပပြီး သပ်ရပ်သန့်ရှင်းသောအဝတ်အစားဖြစ်သင့်ပါသည်။ သို့သော် ၎င်းသည် ရိုးရိုးရှင်းရှင်းနှင့် လုံးဝရွှေတန်ဆာဆင်ခြင်း သို့မဟုတ် အခြားမည်သည့် အဆင်တန်ဆာမျိုးမှ မဖြစ်သင့်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့အား နူးညံ့သိမ်မွေ့ခြင်းနှင့် ငြိမ်သက်ခြင်းစိတ်သဘောရှိခြင်းတန်ဆာကို ဆင်စေလိုသည်။ ထိုအရာများသည် လူလုပ်သောတန်ဆာဆင်ခြင်းထက် ပို၍အဖိုးထိုက်လှပေသည်။ အငယ် ၄။

သင်သည် စစ်ဆေးခြင်းအမှုကို နှစ်သက်ပါသလား။ သေချာသည်မှာ သင်နှစ်သက်မည်မဟုတ်ပါ။ လူအများတို့သည်လည်း မနှစ်သက်ကြပါ။ သို့သော် ပေတရုသည် စစ်ဆေးခြင်းများအကြောင်းနှင့်ပတ်သက်၍ ရေးသားသောအခါ၊ သူပြောထားသည်မှာ ကျွန်ုပ်တို့၏ လမ်းတွင် စစ်ဆေးခြင်းအမှုရောက်လာသောအခါ၊ ကျွန်ုပ်တို့သည် ဝမ်းမြောက်သင့်သည်ဟု ပြောခဲ့သည်။ ရှင်ပေတရုဩဝါဒစာ ပဌမ စောင် ၄း၁၂၊ ၁၃။

ထိုစစ်ဆေးခြင်းအမှုရောက်လာသောအခါ ဝမ်းမြောက်ဖို့ရန် အဘယ်သို့ဖြစ်နိုင်မည်နည်း။ ကောင်းပြီ၊ စစ်ဆေးခြင်းအမှုသည် ပျော်ရွှင်ဖွယ်ရာမဟုတ်သောကြောင့်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းစစ်ဆေးခြင်းအမှုကို ကျွန်ုပ်တို့ ပညာရေး၏တစ်စိတ်တစ်ပိုင်းအနေဖြင့် အသုံးပြုသကဲ့သို့ ဘုရားသခင်သည်လည်း ထိုစစ်ဆေးခြင်းအမှုကို အသုံးပြုသောကြောင့် ဖြစ်သည်။ စစ်ဆေးမှုများသည် အခြားအရာများထက် ကျွန်ုပ်တို့၏အကျင့်စာရိတ္တပြဿနာများကို ပြသပေးသည်။ များသောအားဖြင့် ကျွန်ုပ်တို့၏အားနည်းချက်များကိုပင် ကျွန်ုပ်တို့မသိပါ။ သို့သော် ဘုရားသခင်သည် ထိုအားနည်းချက်များကို ကျွန်ုပ်တို့တွေ့မြင်ရန် ၎င်းစစ်ဆေးခြင်းကို အသုံးပြုသည်။ သို့ဖြစ်လျှင် ထိုအားနည်းချက်များကို သူ၏ခွန်အားဖြင့် ကျွန်ုပ်တို့ ကျော်လွှားအောင်မြင်လိမ့်မည်။ ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၁း၇။



**လက်တွေ့ကျင့်သုံးရန်** - သင်သည် နောက်ထပ်စစ်ဆေးခြင်းအမှုတစ်ခုကြုံတွေ့ရပါက၊ ထိုအတွေ့အကြုံအားဖြင့် သင်၏အကျင့်စာရိတ္တကိုခိုင်မြဲရန် ဘုရားသခင်သည် အဘယ်သို့အလိုရှိကြောင်း ရှုမြင်ပါ၊ ရှာဖွေပါ။ ထို့နောက် သင်သည် ထိုစစ်ဆေးခြင်းအမှုကိုလည်း ကောင်းကြီးမင်္ဂလာများကဲ့သို့ မြင်နိုင်သည်။

## အင်္ဂါနေ့ ။ ရှင်ပေတရုဩဝါဒစာ ဒုတိယစောင် ၃

ပေတရု၏လှေကားထပ်အကြောင်းကို သင်ကြားဖူးပါသလား။ ထိုအကြောင်းသည် ရှင်ပေတရုဩဝါဒစာ ဒုတိယစောင်၌ အချို့ အခန်းငယ်များတွင် မကြာခဏပေးထားသောခေါင်းစဉ်ဖြစ်သည်။ ဤသင်ခန်းစာကို ဆက်မလေ့လာခင်၊ ရှင်ပေတရုဩဝါဒစာ ဒုတိယစောင် ၁း၅ -၁၁ ရှိ ဤအကြောင်းကို သေချာဖတ်ပါ။

မြေပြင်မှ မြင့်သောအဆောက်အဦး၏ခေါင်မိုးအထိလှေကားတစ်ခုကို ကျွန်ုပ်တို့အသုံးပြုသောအခါ၊ ကျွန်ုပ်တို့သည် အောက်ခြေမှစတင်၍ ထိပ်ဆုံးသို့ရောက်သည့်တိုင်အောင် တစ်ကြိမ်တွင် တစ်ဆင့်ဖြင့် တက်သွားရပါသည်။ ပေတရုက ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာ၌လည်း အလားတူပင်ဖြစ်သည်ဟု ပြောထားသည်။ ထိုအဆင့်များမှာ ယုံကြည်ခြင်း၊ သီလ၊ ပညာ၊ ကာမဂုဏ်ချုပ်တည်းခြင်း၊ သည်းခံခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်း၊ ညီအစ်ကိုစုံမက်ခြင်းနှင့် ချစ်ခြင်းမေတ္တာဖြစ်သည်။

ကျွန်ုပ်တို့သည် အောင်မြင်သောခရစ်ယာန်အသက်တာတစ်ခုဖြစ်အောင် အဘယ်သို့အသက်ရှင်ရမည်အကြောင်း သင်ခန်းစာ ယူနိုင်ပါသည်။ ယေရှုခရစ်တော်၏ထာဝရနိုင်ငံတော်၌ ဝင်စားဖို့ရန်လည်း ကယ်တင်ခြင်းရရှိနိုင်ပါသည်။ ကျွန်ုပ်တို့သည် ဘာမျှ မတတ်နိုင်သောသူ၊ ကယ်တင်ခြင်းသို့ရောက်လိမ့်မည်ဟု မမျှော်လင့်ပါ။ သို့သော် ကျွန်ုပ်တို့သည် ယေရှုခရစ်တော်အကြောင်းကို အစဉ်မပြတ် သင်ယူလေ့လာ သူ ဖြစ်ရပါမည်၊ သူ့ကို အတုယူခြင်း၊ အသိအမှတ်ပြုခြင်းအားဖြင့် သူနှင့် ပို၍ပို၍တူရမည်ဖြစ်ပါသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အား တက်နိုင်သမျှ အမြင့်မားဆုံးသောအဆင့်သို့ရောက်ရှိစေလိုသည်။ ၎င်းသို့ရောက်စေဖို့ရန် ကူညီပေးမည့်အရာအားလုံးကို လွတ်လပ်စွာ ပေးထား၏။ အမှန်မှာ သူသည် ကျွန်ုပ်တို့အား "အသက်ရှင်ခြင်းနှင့် ဘုရားဝတ်၌မွေ့လျော်ခြင်းနှင့်စပ်ဆိုင်သောအရာရှိသမျှတို့" နှင့် "အလွန်ကြီးမြတ်၍ အဘိုးထိုက်သောဂတိများ" ကို ပေးထားပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သခင်ယေရှုကဲ့သို့ အပြစ်ကိုလုံးဝအောင်မြင်ခြင်းအားဖြင့် ပြည့်စုံသောစာရိတ္တတော်ကို ရရှိနိုင်ပါသည်။ အငယ် ၂-၄။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ကတိတော်များကို ဟောပြောပြီး၊ ၎င်းတို့ကို ယုံကြည်ပါက၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်တာ၌ အမှန်တကယ်ပြည့်စုံစေမှာဖြစ်၏။ သူသည် ကျွန်ုပ်တို့အား အောင်မြင်သောသူများဖြစ်စေလို၏။ ထို့ကြောင့် အပြစ်ကိုအောင်မြင်ကျော်လွှားနိုင်ဖို့ ကူညီဖို့ရန်၊ ကျွန်ုပ်တို့နှင့်အမြဲရှိနေမည်ဟု ကတိပေးထား၏။

သူ၏စာစောင်အဆုံးသတ်ခါနီးတွင် ပေတရုသည် ယေရှုခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းကို အာရုံပြုထား၏။ ထိုနေရာတွင် ယေရှု၏မကြာမီပြန်ကြွလာမည့်မျှော်လင့်ချက်ကို ငြင်းပယ်သောလူများရှိနေလိမ့်မည်ဟု ပေတရုက ပြောကြား၏။ သူတို့သည် နောင်ကာလ၌ ရေလွှမ်းမိုးခြင်းသည် ဘယ်တော့မှဖြစ်မှာမဟုတ်ဘူး ထင်ခဲ့သလို ပြုမူခဲ့ကြ၏။ ရှင်ပေတရုဩဝါဒစာ ဒုတိယ စောင် ၃း၃-၇။

မှန်ပါသည်၊ ဘုရားသခင်သည် သည်းခံသောဘုရားဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် လူအပေါင်းတို့အားလုံး ကယ်တင်ခြင်းသို့ရောက်နိုင်သမျှရောက်ရန် အလိုရှိသောကြောင့်ဖြစ်သည်။ သို့သော် သူသည် ကြွလာဦးမည်၊ သူ၏ကြွလာခြင်းကို မျှော်လင့်သောအချိန်ကို မျှော်လင့်ချက်နည်းသောသူများအတွက် "သူခိုးကဲ့သို့" ကြွလာမည်ဖြစ်၏။ ကျွန်ုပ်တို့သည် ၎င်းမှာ ဤကဲ့သို့ဖြစ်မည်ကို သိသည့်အတွက် ကျွန်ုပ်တို့သည် အဘယ်ကဲ့သို့သောလူစားမျိုးဖြစ်သင့်သည်အလျှောက် ထိုကဲ့သို့ကြွလာခြင်းသည် ကျွန်ုပ်တို့အတွက် အံ့ဩစရာမဟုတ်ပေ။ ကျွန်ုပ်တို့သည် ထိုနေ့အတွက် သန့်ရှင်းသောအသက်တာနှင့် ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့် အမြဲအဆင်သင့် ရှိသင့်ပေသည်။ ထို့ကြောင့် သူကြွလာသောအခါ၊ ကျွန်ုပ်တို့သည် "အညစ်အကြေးနှင့် အပြစ်ကင်းလွတ်လျက်" ရှိသည်ကို သူတွေ့မြင်လိမ့်မည် ဖြစ်၏။ အငယ် ၈-၁၄။

**လက်တွေ့ကျင့်သုံးရန်** - ယေရှုခရစ်တော်ကြွလာဖို့ရန် သင်သည် အသင့်ဖြစ်နေပြီလား။ အကယ်၍ သင်သည် ယေရှု၏အသက်ကို သင်ယူလေ့လာ၊ သူ့ကဲ့သို့နေထိုင်ရန် ကြိုးစားနေမည်ဆိုလျှင်၊ သင်အဆင်သင့်ဖြစ်နိုင်ပါသည်။ ရှင်ပေတရု၏စာစောင်များကို ဖတ်ပါ။ ဘုရားသခင်ပေးသည့်လုံလောက်သောအကူအညီကို အဘယ်သို့ရယူရန် တွေ့မြင်လိုက်ပါ။ "ပေတရု၏လှေကားထပ်" ကိုဆက်လက် တက်သွားပါ။ ဘုရားသခင်က သင့်ကို ကူညီလိမ့်မည်။

## ဗုဒ္ဓဟူးနေ့ ။ ပြောင်းလဲသွားသော ယောဟန် ၄

ပေါလုနှင့် ပေတရုတို့သည် ဧဝံဂေလိသတင်းစကားကို ဟောပြောနေချိန်၊ ယုံကြည်သူများကို အားပေးတိုက်တွန်းနေချိန်၌ ယောဟန်သည်လည်း ယေရှုခရစ်တော်အတွက် မရပ်မနားလုပ်ဆောင်နေခဲ့၏။ သူသည် ကျမ်းစာ၌ရှိသော စာအုပ်၊ စာစောင်ပေါင်း (၅) အုပ်ကို ရေးသားခဲ့၏။ ထိုစာအုပ်များမှာ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၊ စာစောင် (၃) စောင် (ရှင်ယောဟန်ဩဝါဒစာ ပဌမစောင်၊ ဒုတိယစောင်၊ တတိယစောင်) နှင့် ဗျာဒိတ်ကျမ်း တို့ဖြစ်သည်။ ယခုဤအပတ်တွင် ယောဟန်၏ဩဝါဒစာစောင် (၃) ခုကို လေ့လာကြရမည် ဖြစ်ပြီး၊ နောက်အပတ်အနည်းငယ်အကြာတွင်လည်း ဗျာဒိတ်ကျမ်းလေ့လာခြင်းကိုလည်း ကျွန်ုပ်တို့ စတင်မှာ ဖြစ်ပါသည်။

ရှင်ယောဟန်ဩဝါဒစာ ပဌမစာစောင်သည် ကျွန်ုပ်တို့အပေါ်ထားသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် သူတပါးအပေါ် ထားသော ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာအကြောင်းကို ဖော်ပြထားပြီး၊ နှိုင်းယှဉ်၍မရကြောင်းနှင့် မတူညီကြောင်း ဖော်ပြထားသည်။ ရှင်း နေသည်မှာ၊ ဤစာစောင်ကို ဘုရားသခင်အား ရင်းနှီးသောသူတစ်ဦးအနေဖြင့်သော်လည်းကောင်း၊ သူ၏ချစ်ခြင်းမေတ္တာကို နားလည်သဘောပေါက်သောသူတစ်ယောက်အနေဖြင့် သိကျွမ်းသောသူက ရေးသားခဲ့၏။

သို့သော် ယောဟန်သည် ထိုနည်းလမ်းအတိုင်း အစမပြုခဲ့ချေ။ ယေရှုခရစ်တော်က သူ့အား တပည့်တော်အဖြစ်ခေါ်သောအခါ၊ သူနှင့် သူ၏အစ်ကို၊ သူတို့နှစ်ယောက်ကို "မိုဃ်းကြိုးသားများ" ဟု လူသိများခဲ့ကြသည်။ (ရှင်မာကုခရစ်ဝင် ၃း၁၇)။ သူသည် အရေးပါသောသူ၊ ဂုဏ်ပြုခံရသောတစ်ယောက် ဖြစ်ချင်ခဲ့၏။ သူသည် ဂုဏ်ကြွားတတ်သောသူ၊ စိတ်လိုက်မာန်ပါ ပြုလုပ်တတ်သောသူ၊ အပြစ်မြင်တတ်သောသူ၊ လက်စားချေလိုစိတ် ပြင်းပြသောသူဖြစ်ပြီး၊ သူ့မှာ မကောင်းသောစိတ်ဒေါသရှိသူဖြစ်၏။ ယောဟန်နှင့် အစ်ကို၊ သူတို့နှစ်ယောက်သည် ယေရှုကို ဧည့်ဝတ်ခံဖို့ရန် ငြင်းပယ်ခဲ့သော ရှမာရိရွာတစ်ရွာပေါ်သို့ မီးမိုးရွာချစေချင်ခဲ့သောသူများဖြစ်သည်။ ရှင်လုကာခရစ်ဝင် ၉း၅၂-၅၆။

သို့သော်၊ ယောဟန်သည် သူ၏မကောင်းသောအကျင့်များအားလုံးမှ ယေရှုခရစ်တော်ကို အမှန်တကယ်ချစ်ပြီး၊ ယေရှုကဲ့သို့ အသက်ရှင်သွားခဲ့လေတော့၏။ ယေရှုသည်အဘယ်မျှလောက်ကောင်းမြတ်ခဲ့ကြောင်းနှင့် ယေရှုနှင့်နှိုင်းယှဉ်ပြအခါ၊ သူသည် အဘယ်မျှလောက်အပြစ်များသောသူဖြစ်ကြောင်းကို နားလည်သဘောပေါက်ခဲ့လေ၏။ အိုး၊ သူသည် ယေရှုကဲ့သို့ တူရန် ဘယ်လောက်ထိ လိုချင်ခဲ့သနည်း။

ယေရှုသည် မကြာခဏ ယောဟန်အား အမှားပြင်ခြင်း သို့မဟုတ် သတိပေးခြင်းစကားများကို မိန့်ကြားခဲ့၏။ ထိုအချိန်များတွင်၊ ယောဟန်အတွက် စိတ်တိုရာ၌လွယ်ကူပြီး၊ မိမိကိုယ်ကိုသာ ကာကွယ်တတ်ခဲ့၏၊ သို့သော် သူသည် ယေရှု၏အမှားပြင်ခြင်းကို လက်ခံရန် သူသည် အချိန်မှီ ရွေးချယ်ခဲ့လိုက်၏။ သူသည် သူ၏အပြစ်များအတွက် ဝန်ချတောင်းပန်ရန် စိတ်ဆန္ဒရှိလာခဲ့၏၊ ထို့နောက် သူသည် ယေရှု၏ သွန်သင်ချက်များကို လက်တွေ့အသုံးချရန် ချက်ချင်းကြိုးစားခဲ့လေ၏။

ယောဟန်သည် သခင်ယေရှုအကြောင်းကို ပို၍ပို၍စဉ်းစားတွေးမြင်လာသည်နှင့်အမျှ၊ မိမိကိုယ်ကျိုး၊ မိမိအကြောင်းကို စဉ်းစားရန် သာ၍သာ၍နည်းလာလေ၏။ သူသည် သူ၏မကောင်းသောအကျင့်စာရိတ္တများကို တစ်ခုပြီးတစ်ခု အောင်မြင်ကျော်လွှားလေ၏။ ယေရှုခရစ်တော်၏အသက်တာကဲ့သို့ တဖြည်းဖြည်း ဖြစ်လာခဲ့၏။ ယောဟန်သည် သူ့အားလုံးဝပြောင်းလဲပေးရန် ယေရှု၏ချစ်ခြင်းမေတ္တာကို နေရာပေးခဲ့၏။ ထို့ကြောင့် သူသည် စာစောင်များကို ရေးသားနိုင်ခဲ့၏။ ထိုချစ်ခြင်းမေတ္တာအကြောင်းကိုလည်း အလွန်ရှင်းလင်းစွာ စာစောင်ထဲ၌ ဖော်ပြမြွက်ဆိုထားလေ၏။ ရှင်ယောဟန်ဩဝါဒစာ ပဌမစောင် ၄း၁၆-၂၁။

**လက်တွေ့ကျင့်သုံးရန်** - အရာရာတိုင်းက သင်၏စိတ်တိုင်းကျ၊ နည်းလမ်းအတိုင်း မဖြစ်သောအခါ သင်မှာ မကောင်းသောစိတ်ဒေါသ ဖြစ်နေပါသလား၊ မကောင်းသောစိတ်ဝင်နေပါသလား။ သင့်ကိုလည်းပဲ ယောဟန်ကဲ့သို့ ယေရှု၏ချစ်ခြင်းမေတ္တာသည် ပြောင်းလဲပေးနိုင်ပါသည်။ သခင်ယေရှုသည် ယောဟန်ကို ပြောင်းလဲပေးခဲ့သည်နည်းတူ၊ သူသည် သင့်ကို ပြောင်းလဲပေးရန် အလိုရှိနေပါသည်။

## ကြာသပတေးနေ့ ။ ရှင်ယောဟန်ဩဝါဒစာ ပဌမစောင် ၅

ယေရှုခရစ်တော်သည် သစ္စာဖောက်ခြင်း မခံရခင်၊ ညနေတွင် သူသည် သူ့၏တပည့်တော်များအား အထူးပညတ်တစ်ချက် ပေးခဲ့သည်။ သူသည် သူတို့အား ဘာလုပ်ဆောင်ရန် မိန့်တော်မူခဲ့သနည်း။ ရှင်ယောဟန်ခရစ်ဝင် ၁၃း ၃၄။



သူတို့သည် ဆုတောင်းကြ၏၊ သူတို့၏အပြစ်များကို ဝန်ခံကြပြီး၊ တစ်ယောက်ကို တစ်ယောက်ခွင့်လွှတ်ခဲ့ကြသောအခါ ဘုရားသခင်သည် သူတို့အား ကောင်းချီးပေးတော်မူခဲ့၏။ ပင်တေကုတ္တေပွဲမှာ သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့အပေါ်သို့ ဆင်းသက်လာပြီး၊ ယုံကြည်သူများသည်လည်း တစ်ဦးကိုတစ်ဦး ကြင်နာတတ်လာ၏။ အသိပညာတိုးပွားလာ၏၊ တကိုယ်ကောင်းလည်း မဆန်တော့ပေ။ သူတို့သည် ဘုရားသခင်၏ဧဝံဂေလိသတင်းကျယ်ပြန့်ခြင်းအတွက် ကူညီဖို့ရန် အဘယ်ဆက်ကပ်ပူဇော်ဆက်သမှုမဆို ပြုလုပ်ရန် စိတ်ဆန္ဒရှိလာခဲ့ကြလေ၏။

သို့သော် ပြောင်းလဲဖို့ရန် နှေးကွေးသောအရာများ စတင်လာခဲ့၏။ ယုံကြည်သူများသည် အခြားသူများ၌ သူတို့မြင်သောအမှားအယွင်းများအကြောင်းကို စတင်ပြောဆိုလာကြပြီး၊ မကြာမီတွင် သူသည် တစ်ဦးပေါ်တစ်ဦးထားရှိသော ချစ်ခြင်းမေတ္တာ ပျောက်ဆုံးလာကြလေ၏။ သူတို့သည် ယေရှုကဲ့သို့ အမှန်တကယ်နေထိုင်ခြင်းထက် မှန်ကန်သောအယူဝါဒများအကြောင်းပြောဆိုရန် ပိုမိုစိတ်ဝင်စားလာကြ၏။ သူတို့သည် ပျော်ရွှင်မှုနှင့် ချစ်ခြင်းမေတ္တာကို ဆုံးရှုံးခဲ့ကြရသော်လည်း ယင်းကို မသိခဲ့ကြချေ။

ဤသို့ဖြစ်ပျက်သောအခြင်းအရာအလုံးစုံကို ယောဟန်မြင်တွေ့ခဲ့ရပြီး၊ စိုးရိမ်ပူပန်ခဲ့လေ၏။ သခင်ယေရှုကို ယုံကြည်သူများ ကြုံတွေ့ရနိုင်သည့် အန္တရာယ်အရှိဆုံးအရာမှာ သူတို့အချင်းချင်း တစ်ယောက်ကို တစ်ယောက် အပြစ်တင်မိခြင်းဖြစ်ကြောင်း ယောဟန်သိခဲ့၏။